**(၁) အမှုဆောင်မဟုတ်သော ဒုတိယဥက္ကဋ္ဌအဖြစ် ဦးသန်းအောင်အား ခန့်အပ်ခြင်း**

**(၂) အမှုဆောင်ဒါရိုက်တာအဖြစ် ဒေါက်တာဇော်ဝင်းစန္ဒီအား ခန့်အပ်ခြင်း**

ဖတ်(စ်)မြန်မာအင်ဗက်(စ်)မဲ့(န်) အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီလီမိတက်သည် ၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၇ ရက်နေ့မှ စတင်၍ အကျိုးသက်ရောက်မည့် ကုမ္ပဏီ၏ဒါရိုက်တာအဖွဲ့ဖွဲ့စည်းမှုပြောင်းလဲခြင်းအား အစုရှယ်ယာရှင်များထံသို့ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

## (၁) အမှုဆောင်မဟုတ်သော ဒါရိုက်တာ ဦးသန်းအောင်အား အမှုဆောင်မဟုတ်သော ဒုတိယဥက္ကဋ္ဌအဖြစ် ခန့်အပ်ခြင်း

ကုမ္ပဏီ၏ဒါရိုက်တာအဖွဲ့အနေဖြင့် လက်ရှိ ကုမ္ပဏီ၏ အမှုဆောင်မဟုတ်သောဒါရိုက်တာအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဦးသန်းအောင်အား ၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၇ ရက်နေ့မှ စတင်၍ အမှုဆောင်မဟုတ်သော ဒုတိယဥက္ကဋ္ဌအဖြစ် ပြောင်းလဲခန့်အပ်ပါကြောင်း အစုရှယ်ယာရှင်များထံ အသိပေးကြေညာအပ်ပါသည်။

ဦးသန်းအောင်သည် FMI ၏ အလုပ်အမှုဆောင်မဟုတ်သော ဒါရိုက်တာအဖြစ် ၁၉၉၂ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ အလုပ်အမှုဆောင်မဟုတ်သော ဒုတိယဥက္ကဋ္ဌအဖြစ် ကုမ္ပဏီနှင့် ဒါရိုက်တာအဖွဲ့အတွက် လိုအပ်သည့် အကြံပြုချက်များ၊ ဆွေးနွေးချက်များ နှင့် လမ်းညွှန်မှုများ ပေးသွားမည်ဖြစ်ပါသည်။

## (၂) ဒေါက်တာဇော်ဝင်းစန္ဒီအား အမှုဆောင်ဒါရိုက်တာအဖြစ် ခန့်အပ်ခြင်း

ကုမ္ပဏီ၏ဒါရိုက်တာအဖွဲ့အနေဖြင့် ဒေါက်တာဇော်ဝင်းစန္ဒီအား ၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၇ ရက်နေ့မှ စတင်၍ ကုမ္ပဏီ၏ အမှုဆောင်ဒါရိုက်တာအဖြစ် ခန့်အပ်ပါကြောင်း အစုရှယ်ယာရှင်များထံ အသိပေးကြေညာအပ်ပါသည်။

ဒေါက်တာဇော်ဝင်းစန္ဒီသည် Yoma-OUE Pun Hlaing Hospital Limited (“YOPHH”) ၏ Chief Operating Officer ဖြစ်သည်။ သူမသည် ရန်ကုန်ဆေးတက္ကသိုလ် (၁) မှ MBBS ဘွဲ့ ကိုရရှိခဲ့ပြီး၊ ဩစတြေးလျနိုင်ငံရှိ James Cook တက္ကသိုလ်မှ MBA ဘွဲ့ကို ဆက်လက်ရယူခဲ့သူဖြစ်သည်။ သူမ၏ စင်ကာပူနိုင်ငံတွင် ရရှိခဲ့သော နိုင်ငံတကာအတွေ့အကြုံနှင့် ၂၀၁၁ ခုနှစ်မှစတင်၍ ပန်းလှိုင်ဆေးရုံများတွင် တာဝန်ထမ်းဆောင်ခဲ့ကာ Pun Hlaing Siloam Hospitals Joint Venture လုပ်ဆောင်ရာတွင် အရေးပါသော ကဏ္ဍမှ ပါဝင်ခဲ့ပြီး၊ HR နှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာလုပ်ငန်းများကို ဦးဆောင်ခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ်တွင် ပန်းလှိုင်ဆေးရုံ၏ “HEAL by Pun Hlaing” ဟုခေါ်သော ဒီဂျစ်တယ်ကျန်းမာရေး၊ ဆေးခန်းဝန်ဆောင်မှုများနှင့် ဓာတ်ခွဲခန်း လုပ်ငန်းများကို ပေါင်းစပ်ထားသည့်ခခေတ်မီစနစ်ကို စတင်မိတ်ဆက်ရာတွင် ဦးဆောင်ပါဝင်ခဲ့သူဖြစ်သည်။ ဒေါက်တာ ဇော်ဝင်းစန္ဒီသည် Harvard Medical School၊ Australasian College of Health Service Management ၏ Fellow တစ်ဦးလည်းဖြစ်ပြီး၊ လက်ရှိတွင် YOPHH ၏ နည်းဗျူဟာနှင့် လုပ်ငန်းလည်ပတ်မှုများကို ဦးဆောင်ကာ မြန်မာ့ကျန်းမာရေးကဏ္ဍ၏ လက်လှမ်းမီမှု၊ ဆန်းသစ်မှုနှင့် အရည်အသွေး

မြင့်မားရေးအတွက် ကြိုးပမ်း ဆောင်ရွက်လျက် ရှိပါသည်။

ကုမ္ပဏီ၏ဒါရိုက်တာအဖွဲ့သည် ဒေါက်တာဇော်ဝင်းစန္ဒီ၏ သက်တမ်းကြာမြင့်စွာတာဝန်ထမ်းဆောင်ခဲ့သော သက်ဆိုင်ရာ လုပ်ငန်းအတွေ့အကြုံ၊ အရည်အချင်းနှင့် သင့်လျော်မှုတို့ကို စိစစ်ခဲ့ပြီးနောက် ကုမ္ပဏီ၏ အမှုဆောင်ဒါရိုက်တာ တာဝန်ဝတ္တရားများကို ဆောင်ရွက်နိုင်စွမ်းရှိသည်ဟု သုံးသပ်၍ တာဝန်ပေးခန့်အပ်ခဲ့ခြင်း ဖြစ်ပါသည်။

အထက်ပါပြောင်းလဲခန့်အပ်မှုများအပြီး ဒါရိုက်တာအဖွဲ့သည် အောက်ဖော်ပြပါဖွဲ့စည်းပုံအတိုင်း တာဝန်ထမ်းဆောင်ကြမည် ဖြစ်ပါသည်။

**ဒါရိုက်တာအဖွဲ့**

| | |
|---|---|
| ဦးလင်းမြိုင် | အမှုဆောင်မဟုတ်သော ဥက္ကဋ္ဌ |
| ဦးသန်းအောင် | အမှုဆောင်မဟုတ်သော ဒုတိယဥက္ကဋ္ဌ |
| ဦးထွန်းထွန်း | အမှုဆောင်အရာရှိချုပ် နှင့် အမှုဆောင်ဒါရိုက်တာ |
| ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက် | လွတ်လပ်သည့် အမှုဆောင်မဟုတ်သော ဒါရိုက်တာ |
| ဦးကြည်အေး | အမှုဆောင်မဟုတ်သော ဒါရိုက်တာ |
| ဒေါက်တာဇော်ဝင်းစန္ဒီ | အမှုဆောင်ဒါရိုက်တာ |

ဒါရိုက်တာကော်မတီများမှာမူ အောက်ပါဖွဲ့စည်းပုံအတိုင်း ပြောင်းလဲမှုမရှိ ဆက်လက် တာဝန်ထမ်းဆောင်ကြမည် ဖြစ်ပါသည်။

**စာရင်းစစ်နှင့်ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုကော်မတီ**

| | |
|---|---|
| ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက် | ဥက္ကဋ္ဌ |
| ဦးကြည်အေး | အဖွဲ့ဝင် |
| ဦးသန်းအောင် | အဖွဲ့ဝင် |

**အမည်စာရင်းတင်သွင်းရေးကော်မတီ**

| | |
|---|---|
| ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက် | ဥက္ကဋ္ဌ |
| ဦးသန်းအောင် | အဖွဲ့ဝင် |
| ဦးလင်းမြိုင် | အဖွဲ့ဝင် |

**လုပ်အားခနှင့်အကျိုးခံစားခွင့်သတ်မှတ်ရေးကော်မတီ**

| | |
|---|---|
| ဦးကြည်အေး | ဥက္ကဋ္ဌ |
| ဦးသန်းအောင် | အဖွဲ့ဝင် |
| ဦးလင်းမြိုင် | အဖွဲ့ဝင် |

**ဒါရိုက်တာအဖွဲ့၏ အမိန့်အရ**

ထွန်းထွန်း
အမှုဆောင်အရာရှိချုပ်
၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၇ ရက်နေ့

**First Myanmar Investment Public Company Limited**
YSX Code 00001
The Campus
1 Office Park, Rain Tree Drive
Pun Hlaing Estate, Hlaing Thayar Township,
Yangon 11401, Myanmar
Tel: (01) 3687766
www.fmi.com.mm